ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က

အတည်ပြုပြဋ္ဌာန်းထုတ်ပြန်အပ်သော

# သီလရှင်ကျင့်ဝတ်

နှင့်

## ညွှန်ကြားလွှာ အမှတ် (၈၄)

၁၁

သာသနာရေးဝန်ကြီးဌာန

သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန

သာသနာ-၂၅၃၇ ကောဇာ-၁၃၅၅ ခရစ်-၁၉၉၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က

အတည်ပြုပြဋ္ဌာန်းထုတ်ပြန်အပ်သော

# သီလရှင်ကျင့်ဝတ်

နှင့်

## ညွှန်ကြားလွှာ အမှတ် (၈၄)


သာသနာရေးဝန်ကြီးဌာန

သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန

သာသနာ-၂၅၃၇ ကောဇာ-၁၃၅၅ ခရစ်-၁၉၉၄

ပထမအကြိမ် အုပ်ရေ ၅၀၀၀, ၁၉၉၄

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
၂၃၉၉၅
ရက်စွဲ ..................
စာကြည့်တိုက်

သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက

ထုတ်ဝေသည်။

ပုံနှိပ်သူ – ဦးခင်မောင်လတ် (၀၂၄၆၅)
ကျောင်းစုံပုံနှိပ်တိုက်
၁၄၃၊ ၃၁လမ်း၊ ရန်ကုန်မြို့။

# နိဒါန်း

ကောဇာသက္ကရာဇ် ၁၃၄၄–ခုနှစ်၊ ခရစ်နှစ် ၁၉၈၂–ခုနှစ်၌ သာသနာ့နွယ်ဝင် သီလရှင်အဖွဲ့အစည်းကြီး ထီးထီးမားမား ပေါ်ပေါက်လာပြီး ဖြစ်သော်လည်း သီလရှင်ပြုပုံနှင့် ကျင့်ဝတ်သိက္ခာ တိကျစွာ ပြဋ္ဌာန်းထားမှု မရှိသေးပါ။ သာသနာ့နွယ်ဝင် သီလရှင်များ ယေဘုယျအားဖြင့် တပြေးညီ လိုက်နာကျင့်သုံးနိုင်ရန် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့က ပြဋ္ဌာန်းပေးသော သီလရှင်ကျင့်ဝတ်မျိုး ရှိထားသင့်သောကြောင့် ပထမ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ရေးသားခဲ့သော "သီလရှင် ဥပဒေကျင့်ခန်း" ကျမ်းကို အဓိက မူထားပြီး သီလရှင်တိုက်အသီးသီးရှိ ကျင့်ဝတ်များကိုလည်း ထည့်သွင်းလျက် "သီလရှင်ကျင့်ဝတ်"(မူကြမ်း) ကို ပြုစု၍ သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းခဲ့ပါသည်။

တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲက ပြင်ဆင်ဖြည့်စွက်၊ နုတ်ပယ်၍ ညွှန်ကြားလွှာ အမှတ်(၈၄)နှင့် ပူးတွဲလျက် ဒုတိယမူကြမ်းအဖြစ်ဖြင့် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမ အစည်းအဝေးသို့ တင်သွင်းခဲ့ပါသည်။

ဘတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊တတိယအဖွဲ့ခွဲ၏ သာသနာရေးအဖွဲ့ငယ်က ထပ်မံပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်လျက် တတိယမူကြမ်းအဖြစ်ဖြင့် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးသို့ တင်သွင်း၍ အဆုံးအဖြတ်ခံယူခဲ့ပါသည်။

တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ တရားသမ အစည်းအဝေးက "ထပ်မံ ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်း" ဆုံးဖြတ်ချက် ချမှတ်၍ တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးသို့ ပေဖန် ဆွေးနွေးလျက် အတည်ပြုချက်ပေးရန် တင်သွင်းခဲ့ပါသည်။

၁၃၅၅–ခုနှစ်၊ တပေါင်းလဆန်း ၁၁–ရက်(၁၉၉၄–ခုနှစ်၊ မတ်လ ၂၂–ရက်) အင်္ဂါနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသော တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးက တင်သွင်းလာသည့် သီလရှင်ကျင့်ဝတ်(မူကြမ်း)ကို ပေဖန်ဆွေးနွေး၍ တညီတညွတ်တည်း အတည်ပြု ပြဌာန်းပေးချက်အရ ပုံနှိပ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပေသည်။

သီလရှင်ကျင့်ဝတ်

# မာတိကာ

အကြောင်းအရာ	စာမျက်နှာ

## အခန်း (၁)

## စနစ်တကျ သီလရှင်ပြုပုံ


ရှေးဦးကျင့်ဖွယ်၊ သင်ယူဖွယ် . . . . . . . . . . . . . ၁
သီလရှင်အဝတ်အရုံ . . . . . . . . . . . . . . . ၂
သီလရှင်အသုံးအဆောင် . . . . . . . . . . . . . ၃
သီလရှင်အဖြစ်ခံယူပုံ . . . . . . . . . . . . . . ၃
ခေါင်းရိတ်ဆံချခြင်း . . . . . . . . . . . . . . ၄
သီလရှင်ဝတ်စုံ ဝတ်ဆင်ခြင်း . . . . . . . . . . . . ၇
သီလဆောက်တည်ခြင်း . . . . . . . . . . . . . ၈
သီလရှင်အမည်ပေးခြင်း . . . . . . . . . . . . . ၁၄


## အခန်း (၂)

## သီလရှင်ကျင့်ဝတ်များ


နာယကသီလရှင်ဆရာကြီးတို့ ကျင့်ရသောကျင့်ဝတ် . . . ၁၅
သီလရှင်ချောင်၊ ကျောင်းတိုက်တို့၌ နေလိုသူပုဂ္ဂိုလ်များ
ရှေးဦးကျင့်ဝတ် . . . . . . . . . . . . ၁၆
တာဝန်ခံသည့်ပုဂ္ဂိုလ်ကျင့်ရန် ကျင့်ဝတ် . . . . . . ၁၇

တာဝန်ခံအပ်သည့်ပုဂ္ဂိုလ်ကျင့်ရန် ကျင့်ဝတ် . . . . . . . ၁၇
တာဝန်ခံအပ်သည့်ပုဂ္ဂိုလ် စည်းကမ်းဖောက်ဖျက်ရာ၌
ကျင့်ရန် ကျင့်ဝတ် . . . . . . . . . . . . . ၁၈
ဘုရားဝတ်တက်ရာ၊ ဆွမ်းတော်ကပ်ရာ ဘုရားကျောင်း၌
ကျင့်ရန် ကျင့်ဝတ် . . . . . . . . . . . . . ၁၈
ညအခါ စာပြန်ရာ၌ ကျင့်ရန် ကျင့်ဝတ် . . . . . . . ၁၉
ကျောင်းတိုက်တွင်း ဝေယျာဝစ္စပြုလုပ်ရာ၌ ကျင့်ရန်
ကျင့်ဝတ် . . . . . . . . . . . . . . . . . ၂၀
ရေချိုး ရေခပ်သွားရာ၌ ကျင့်ရန် ကျင့်ဝတ် . . . . . ၂၁
ဇာတိရပ်ရွာသို့ အခိုက်အတန့်ပြန်လိုသော သီလရှင်တို့
ကျင့်ရန် ကျင့်ဝတ် . . . . . . . . . . . . . ၂၂
သဗ္ဗကိစ္စအဝဝ၌ ကျင့်ရန် ကျင့်ဝတ် . . . . . . . . ၂၂

## နောက်ဆက်တွဲ

ရှစ်ပါးသီလ ပါဠိနှင့်အနက် . . . . . . . . . . . ၂၇
ဆယ်ပါးသီလ ပါဠိနှင့်အနက် . . . . . . . . . . ၂၈
ညွှန်ကြားလွှာ အမှတ် (၈၄) . . . . . . . . . . ၃၁

ကွန်-တာဝ
သ.ထ.ပ-ကွန်

# သီလရှင်ကျင့်ဝတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အခန်း (၁)

### ဓနုဓါတာကျော့သီလရှင်ပြုပုံ

ထေရဝါဒ ဗုဒ္ဓသာသနာ သီလရှင်ဘဝဖြင့် အမျိုးဘာသာ သာသနာ အကျိုးကို သယ်ပိုးလိုကြသော အမျိုးသမီးတို့သည် သီလရှင်တစ်ဦးအတွက် လိုအပ်ချက် အဝတ်အရုံ အသုံးအဆောင် ပရိဘောဂများကို ကြိုတင် စုဆောင်းစီမံပြီး ရှေးဦးကျင့်ဖွယ် သင်ယူဖွယ်များ ကို ပြည့်စုံအောင်မြင်သည် အထိ ကျင့်ကြံကြိုးကုတ် အားထုတ် သင်ယူရမည်။

ရှေးဦးကျင့်ဖွယ်၊ သင်ယူဖွယ်

ဥပေါသထ ရှစ်ပါးသီလကို ခေတ္တဒုလ္လဘဝတ်မည့်သူ ဖြစ်ပါက (၇)ရက် တစ်ပတ်၊ အမြဲဝတ်မည့်သူဖြစ်ပါက တစ်လ မကျိုးမပေါက် မပြောက်မကျားအောင် စောင့်ထိန်းကျင့်သုံးနေရမည်။

သီလရှင်ဖြစ်ကြောင်း သီလတော်းများကို ကိုယ်တိုင်ပြုလုပ် နိုင်သည်အထိ တတ်မြောက်အောင် သင်ယူထားရမည်။

သီလရှင်အဝတ်အရုံ

(၁) ကိုက်တို (ချွေးခံ)–အတွင်းခံအင်္ကျီဖြစ်၍ အရောင် မဆိုးဘဲလည်း သုံးစွဲကြသည်။ ချုပ်လျှင် ပိတ်တစ်တောင်နှင့် တစ်မိုက်ခန့် ချုပ်ရသည်။

(၂) အင်္ကျီ–ပိတ်ကြယ်သီးလေးများ တပ်ထားသည့် အဝါမကျ အနီမကျ စပ်ခဲဆိုးထားသော ဘင်္ဂါလီ လက်ကြပ်အင်္ကျီမျိုး ဖြစ်သည်။

(၃) ကိုက်ရှည်–အင်္ကျီ၏ အပေါ်မှထပ်၍ လက်တစ်ဘက်လျှို ဝတ်ရသည်။ ကိုယ်ပေါ်သို့ စွပ်ချလိုက်လျှင် ကိုယ်လုံးနှင့် ကပ်နေပြီး ခြေသလုံးအလယ်ထိရောက်အောင် ရှည်သည်။ ချုပ်လျှင် ပိတ်နှစ်တောင်ထွာခန့် ချုပ်ရသည်။ အရောင်မှာ အင်္ကျီနှင့်တူသည်။

(၄) ကိုယ်ရုံ–ကိုက်ရှည်ကို စွပ်ချပြီးနောက် ကိုယ်ရုံအဝတ်ကို ဝတ်ရသည်။ အဝတ်ကိုဖြန့်ပြီး တစ်စကို ဘယ်ဘက်ပခုံးပေါ် တင်၍ တစ်စကို လကျာ်ဘက် လက်အောက်လျှိုပြီး အစချင်း ထပ်လျက် လက်ကတော့ထိုး လွှမ်းရုံရသည်။ နေ့ဘက်တွင် သီလရှင်ဆရာကြီးကို့သည် အမြဲ ရုံထားတတ်ကြသည်။ သီလရှင်ငယ်များမှာမူ နေထိုင်ရာကျောင်း၌ ကိုယ်ရုံ မရုံဘဲလည်း နေလေ့ရှိကြသည်။ ချုပ်လျှင် ပိတ်ငါးတောင်ထွာခန့် ချုပ်ရသည်။

---

မှတ်ချက်။ ။ လော၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့၌ ဗုဒ္ဓဘာသာ သီလရှင် များသည် အဝတ်ဖြူသက်သက်ကိုသာ ဝတ်ရုံကြသည်။

(၅) ခါးဝတ်(ထဘီ)-အထက်ဆင်မပါသော မြေနီဆိုးထားသည့် အရောင်ရင့် ပိတ်ထဘီမျိုး ဖြစ်သည်။ ချုပ်လျှင် ငါးတောင်ခန့် ချုပ်ရသည်။

(၆) ပခုံးတင်/ပခုံးတင်ပင်နီ/ခေါင်းတင်/ခေါင်းတင်ပတ် - ကိုယ်ရုံဝတ်ပြီးနောက် လက်ကန်တော့ထိုးကာ ပခုံးတွင် သိုင်းပတ်သည်။ အစဉ်အမြဲ သုံးစွဲမှုမပြုဘဲ ခရီးသွားသည့် အခါ ပခုံးပေါ်တင်သည်။ ခေါင်းပေါ်တင်သည်။ အုံးခွံရောင် ပင်နီအတိုင်း အသုံးပြုသည်။ အလျားလေးတောင်ထွာ အနံ နှစ်တောင်ခန့် ရှိသည်။
(ယနေ့ခေတ်၌ ဆိုးပြီးသားတက်ထရွန်များကို အသင့် သုံးစွဲကြသည်။)

## သီလရှင်အသုံးအဆောင်

(၁) ထီး
(၂) ဖိနပ်
(၃) သင်တုန်းဓား
(၄) ဗန်း၊ သို့မဟုတ် မောင်းထောင်ချိုင့် (ဆွမ်းဆန်ရပ်ရန်)
(၅) အိုး၊ ခွက်၊ ဇွန်း၊ ပန်းကန် (ချက်ပြုတ်စားသောက်ရန်)
(၆) ဖျာ၊ ခေါင်းအုံး၊ အိပ်ယာခင်း၊ ခြင်ထောင်၊ စောင်နှင့်
(၇) သေတ္တာ (ပစ္စည်းသိမ်းဆည်းရန်)

## သီလရှင်အဖြစ် ခံယူပုံ

သီလရှင်နှင့်ပတ်သက်သော အဝတ်အထည် အသုံးအဆောင် ပစ္စည်းများကို စုံလင်အောင် စီမံပြီး ရှေးဦးကျင့်ဖွယ် သင်ယူဖွယ်များကို ကျင့်ကြံသင်ယူပြီးပါက အစီအစဉ်တကျ ——

(၁) ခေါင်းရိတ်ဆံချခြင်း၊
(၂) သီလရှင်ဝတ်စုံ ဝတ်ဆင်ခြင်း၊
(၃) သီလခံယူဆောက်တည်ခြင်း -

ဟူသော အဆင့် သုံးဆင့်ကို ဆောင်ရွက်၍ သီလရှင်အဖြစ် ခံယူရမည်။

(၁) ခေါင်းရိတ်ဆံချခြင်း

ခေါင်းရိတ်ဆံချခြင်းကို ပရိသတ်အလယ်တွင် သီလရှင်ဆရာများက ဆောင်ရွက်ပေးကြသည်။ သီလရှင်လောင်းအား ဆံချနေစဉ် အခြားသီလရှင် ဆရာများက သီလရှင်လောင်း၏နောက်မှနေ၍ "ကေသာ သုညာ"အစရှိသော ကောဋ္ဌာသကမ္မဋ္ဌာန်းကို ဆံချပြီးသည်အထိ စီးဖြန်း ရွတ်ပွားပေးကြသည်။

သုံးဆယ့်နှစ်ကောဋ္ဌာသ
ပထဝီဓာတ် နှစ်ဆယ်

(၁) ကေသာ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ။
ဆံပင်၌ ငါ သူတပါး ယောကျ်ား မိန်းမ မရှိ။
ဆံပင်သည် ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်။
(၂) လောမာ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ။
မွေးညင်း၌ ငါ သူတပါး ယောကျ်ား မိန်းမ မရှိ။
မွေးညင်းသည် ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်။
(၃) နခါ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ။
ခြေသည်း လက်သည်း၌ ငါ သူတပါး ယောကျ်ား မိန်းမ မရှိ။
ခြေသည်း လက်သည်းသည် ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်။

(၄) ဒုက္ခ သုညာ အတွေန ဝါ အတ္တနိယေန ဝါ။
သွား၌ ငါ သူတပါး ယောကျ်ား မိန်းမ မရှိ။
သွားသည် ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်။

(၅) တစော သုညော အတွေန ဝါ အတ္တနိယေန ဝါ။
အရေအထူအပါး၌ ငါ သူတပါး ယောကျ်ား မိန်းမ မရှိ။
အရေအထူအပါးသည် ငါ သူတပါး ယောကျ်ား မိန်းမ
မဟုတ်။

(၆) မံသံ သုညံ (ပ) အတ္တနိယေန ဝါ။
အသား၌ (ပ) မဟုတ်။

(၇) နှာရု သုညော (ပ) အတ္တနိယေန ဝါ။
အကြော၌ (ပ) မဟုတ်။

(၈) အဋ္ဌိ သုညံ (ပ) အတ္တနိယေန ဝါ။
အရိုး၌ (ပ) မဟုတ်။

(၉) အဋ္ဌိမိဉ္ဇံ သုညံ (ပ) အတ္တနိယေန ဝါ။
ရိုးတွင်းခြင်ဆီ၌ (ပ) မဟုတ်။

(၁၀) ဝက္ကံ သုညံ (ပ) အတ္တနိယေန ဝါ။
အညို့၌ (ပ) မဟုတ်။

(၁၁) ဟဒယံ သုညံ (ပ) အတ္တနိယေန ဝါ။
နှလုံး၌ (ပ) မဟုတ်။

(၁၂) ယကနံ သုညံ (ပ) အတ္တနိယေန ဝါ။
အသည်း၌ (ပ) မဟုတ်။

(၁၃) ကိလောမကံ သုညံ (ပ) အတ္တနိယေန ပါ။
အမြှေး၌ (ပ) မဟုတ်။

(၁၄) ပိဟကံ သုညံ (ပ) အတ္တနိယေန ဝါ။
အဖျဉ်း (သရက်ရွက်)၌ (ပ) မဟုတ်။

(၁၅) ပဗ္ဗါသံ သုညံ (ပ) အတ္တနိယေန ဝါ။
အဆုတ်၌ (ပ) မဟုတ်။
(၁၆) အန္တံ သုညံ (ပ) အတ္တနိယေန ဝါ။
အူမကြီး၌ (ပ) မဟုတ်။
(၁၇) အန္တဂုဏံ သုညံ (ပ) အတ္တနိယေန ဝါ။
အူသိမ်၌ (ပ) မဟုတ်။
(၁၈) ဥဒရိယံ သုညံ (ပ) အတ္တနိယေန ဝါ။
အစာသစ်၌ (ပ) မဟုတ်။
(၁၉) ကရီသံ သုညံ (ပ) အတ္တနိယေန ဝါ။
အစာဟောင်း (ကျင်ကြီး)၌ (ပ) မဟုတ်။
(၂၀) မတ္ထလုင်္ဂံ သုညံ (ပ) အတ္တနိယေန ဝါ။
ဦးနှောက်၌ (ပ) မဟုတ်။

အာပေါဓာတ် တစ်ဆယ့်နှစ်ပါး

(၁) ပိတ္တံ သုညံ (ပ) အတ္တနိယေန ဝါ။
သည်းခြေ၌ (ပ) မဟုတ်။
(၂) သေမှံ သုညံ (ပ) အတ္တနိယေန ဝါ။
သလိပ်၌ (ပ) မဟုတ်။
(၃) ပုဗ္ဗော သုညော (ပ) အတ္တနိယေန ဝါ။
ပြည်၌ (ပ) မဟုတ်။
(၄) လောဟိတံ သုညံ (ပ) အတ္တနိယေန ဝါ။
သွေး၌ (ပ) မဟုတ်။
(၅) သေဒေါ သုညော (ပ) အတ္တနိယေန ဝါ။
ချွေး၌ (ပ) မဟုတ်။
(၆) မေဒေါ သုညော (ပ) အတ္တနိယေန ဝါ။
အဆီအခဲ၌ (ပ) မဟုတ်။

(၇) အသု သုညံ (ပ) အတ္တနိယေန ဝါ။
မျက်ရည်၌ (ပ) မဟုတ်။

(၈) ဝသာ သုညာ (ပ) အတ္တနိယေန ဝါ။
ဆီကြည်၌ (ပ) မဟုတ်။

(၉) ခေဠော သုညော (ပ) အတ္တနိယေန ဝါ။
တံတွေး၌ (ပ) မဟုတ်။

(၁၀) သိင်္ဃာဏိကာ သုညာ (ပ) အတ္တနိယေန ဝါ။
နှပ်၌ (ပ) မဟုတ်။

(၁၁) လသိကာ သုညာ (ပ) အတ္တနိယေန ဝါ။
အစေး၌ (ပ) မဟုတ်။

(၁၂) မုတ္တံ သုညံ (ပ) အတ္တနိယေန ဝါ။
ကျင်ငယ်၌ (ပ) မဟုတ်။

ခေါင်းရိတ်ဆံချခြင်းကိစ္စနှင့် ကမ္မဋ္ဌာန်းစီးဖြန်း ရွတ်ပွားခြင်းများ ပြီးဆုံးသည်နှင့် ပရိသတ်အပေါင်းက သာဓုသုံးကြိမ် ခေါ်ရမည်။ ထို့နောက် တရော်ကင်ပွန်း ဆပ်ပြာတို့ဖြင့် ဦးခေါင်းနှင့် ခန္ဓာကိုယ်ကို သန့်စင်ရေချိုးပြီး သီလရှင်လောင်းအား လူဝတ်ကြောင် အဝတ်တို့ကို ဝတ်ပေးရမည်။

## (၂) သီလရှင်ဝတ်စုံ ဝတ်ဆင်ခြင်း

ပထမအဆင့် ခေါင်းရိတ် ဆံချမှု ပြုပြီးသောအခါမှာ သီလရှင်ဆရာကြီး၏ ခွင့်ပြုချက်အရ သီလရှင်တစ်ဦးဦးက သီလရှင်လောင်းအား သီလရှင် ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်ပေးရမည်။

## (၃) သီလဆောက်တည်ခြင်း

သီလရှင်လောင်းသည် ခေါင်းရိတ်ဆံချ၊ သီလရှင်ဝတ်စုံ ဝတ်ပြီး သည်နှင့် ၁ီလရှင်အဖြစ် မရောက်ရှိသေး၊၊ သက်ဆိုင်ရာ သီလကို ဆောက်တည်ရဦးမည် ဖြစ်၍ သီလချီးမြှင့်ပေးမည့်ဘုန်းတော်ကြီးထံ သီလရှင်ဖြစ်ကြောင်း ကျင့်ဝတ် သီလတောင်းများကို ဖော်ပြပါအတိုင်း သုံးကြိမ် တောင်းပန်၍ သီလခံယူဆောက်တည်ရပါမည်။

### သီလရှင်ဖြစ်ကြောင်းသီလတောင်းပုံ

(ပါဠိ)-(မယံ) ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သီလဝတိဘာဝံ ရုစိတွာ မာနေတွာ ဂရုံ ကတွာ(ယာစာမ)။
-ဒုတိယမ္ပိ မယံ ဘန္တေ (ပ) ယာစာမ။
-တတိယမ္ပိ မယံ ဘန္တေ (ပ) ယာစာမ။

(အနက်)-ဘန္တေ၊ အရှင်မြတ်ဘုရား။ မယံ၊ သီလရှင်လောင်း တပည့်အပေါင်းတို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက်ပါရခြင်း အကျိုးငှာ။ သီလဝတိဘာဝံ၊ သာသနာ့နွယ်ဝင် သီလရှင်၏အဖြစ်ကို။ ရုစိတွာ၊ သဒ္ဓါတက်ကြွ နှစ်သက်ကြပါကုန်သည် ဖြစ်၍။ မာနေတွာ၊ နှစ်သက်မျှော်ကိုး မြတ်နိုးကြပါကုန်သည် ဖြစ်၍။ ဂရုံ ကတွာ၊ အလေးအမြတ်ပြုကြပါကုန်သည် ဖြစ်၍။ ယာစာမ၊ ရိုသေစွာ လျှောက်ထားတောင်းပါကုန်၏ အရှင်မြတ်ဘုရား။

- ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ (ပ) လျှောက်ထားတောင်းပါကုန်၏ အရှင်မြတ်ဘုရား။
- တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ (ပ) လျှောက်ထားတောင်းပါကုန်၏ အရှင်မြတ်ဘုရား။

ဤသို့ သီလတောင်းခံပြီးနောက် ရှစ်ပါးသီလ ဆောက်တည်မှုကို ဆက်လက် ဆောင်ရွက်ကြရပါမည်။ ဤသို့ ဆောင်ရွက်ရာတွင် အစီအစဉ် ငါးခုဖြင့် ဆောင်ရွက်ကြရပါမည်–

(၁) ဩကာသ–ကန်တော့လွှာဖြင့် ကန်တော့ခြင်း၊
(၂) အဟံဘန္တေ–စသော သရဏဂုံသီလတောင်းခြင်းဖြင့် ရှစ်ပါးသီလတောင်းခြင်း၊
(၃) နမောတဿ–စသော ပဏာမဖြင့် ဘုရားရှိခိုးခြင်း၊
(၄) ဗုဒ္ဓံသရဏံ–စသည်ဖြင့် သရဏဂုံဆောက်တည်ခြင်းနှင့်
(၅) ပါဏာတိပါတာ–စသော ရှစ်ပါးသီလခံယူဆောက်တည် ခြင်းတို့ဖြစ်သည်။

## (၁) ဩကာသ ကန်တော့လွှာ

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားဖြင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

( ကန်တော့သူကဆိုရန် )

## (၂) သရဏဂုံနှင့်ရှစ်ပါးသီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ
ဥပေါသထသီလံ ဓမ္မံ ယာစာမိ[1] အနုဂ္ဂဟံ ကတွာ
သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ-အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ
ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ
သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ-အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ
ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ
သီလံ ဒေထ မေ ဘန္တေ။

ဘုန်းတော်ကြီးက "*ယမဟံ ဝဒါမိ၊တံ ဝဒေထ*"[2] ဟုဆိုသောအခါ "*အာမဘန္တေ*"[3] ဟုဆိုရပါမည်။

---

၁။ အရှင်ဘုရား-သရဏဂုံသုံးပါးနှင့်တကွ ရှစ်ပါးအင်္ဂါ ပြည့်စုံစွာသော ဥပုသ်သီလ သိက္ခာပုဒ်တရားတော်ကို တပည့်တော်က တောင်းပါ၏။ အရှင်ဘုရား-တပည့်တော်ကို ငဲ့ညှာထောက်ထား ချီးမြှောက်သောအားဖြင့် ဥပုသ်သီလကို ပေးသနားတော်မူပါ ဘုရား။

၂။ ငါဆိုသော စကားကို လိုက်ဆိုပါ။

၃။ မှန်ပါဘုရား။

(၃) "နမောတဿ" ပဏာမဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။[၁]

(သုံးကြိမ်ဆိုပါ။)

(၄) သရဏဂုံဆောက်တည်ခြင်း

(သရဏဂုံ သုံးပါး)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။[၂]

ဒုတိယမ္ပိ[၃] - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ - ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ - သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ[၄] - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ - ဓမ္မံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ - သံဃံ သရဏံ ဂစ္ဆာမိ။

---

၁။ အရဟတော၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် အမှန်အတိုင်း မိမိအလိုလို ကိုယ်တော်တိုင် ဆရာမရှိ သိတော်မူတတ်သော။ တဿ ဘဂဝတော၊ ဘုန်းတော် ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။

၂။ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏။ တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏။ သံဃာတော်ကိုကိုးကွယ်ရာဟူ၍ဆည်းကပ်ပါ၏။သိမှတ်ပါ၏။

၃။ နှစ်ကြိမ်မြောက် - - - - - - -

၄။ သုံးကြိမ်မြောက် - - - - - - -

ဘုန်းတော်ကြီးက *"တိသရဏဂမနံ ပရိပုဏ္ဏံ"* ဟု ဆိုသောအခါ *"အာမ ဘန္တေ"* ဟု ဆိုရပါမည်။

## (၅) ရှစ်ပါးသီလခံယူဆောက်တည်ခြင်း

(သိက္ခာပုဒ်ရှစ်ပါး)

- ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

*"တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ*
*သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ"* ဟု

ဘုန်းတော်ကြီးက ဆိုပြီးသောအခါ *"အာမ ဘန္တေ"* ဟု သီလရှင်က ရွတ်ဆိုပြီး သီလခံယူရမည်။

သီလရှင်အဖြစ် ခံယူရာတွင် သီလခံယူ ဆောက်တည်ခြင်းတည်း ဟူသော တတိယအဆင့် အောင်မြင် ပြီးမြောက်သွားသည်နှင့် သီလရှင်လောင်းသည် သီလဂုဏ်ရောင်ဖြင့် တင့်တယ်သော သာသနာနွယ်ဝင် သီလရှင်အဖြစ် ခံယူရရှိတော့သည်။

## ဆယ်ပါးသီလဆောက်တည်ခြင်း

(သရဏဂုံနှင့် ဆယ်ပါးသီလတောင်း)

- အဟံ ဘန္တေ တိသရဏေန သဟ ဒသ ပဗ္ဗဇ္ဇသီလံ
ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
-ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ ပဗ္ဗဇ္ဇသီလံ
ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
-တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ ပဗ္ဗဇ္ဇသီလံ
ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(အာမ ဘန္တေ)

## ဆယ်ပါးသီလ

(သိက္ခာပုဒ် ဆယ်ပါး)

- ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## သီလရှင် အမည်ပေးပုံ

သီလရှင်အဖြစ်ခံယူရာ၌ ခေါင်းရိတ်ဆံချခြင်း၊ သီလရှင်ဝတ်စုံဝတ်ခြင်းနှင့် သီလဆောက်တည်ခြင်းဟူသော အဆင့်သုံးဆင့် အောင်မြင်ပြီးမြောက်သွားသည်နှင့် သီလရှင်လောင်းသည် သီလရှင်ဘဝသို့ ကူးပြောင်း ရောက်ရှိသွားသကဲ့သို့ အမည်နာမကိုလည်း သာသနာတော်နှင့်စပ်သော အမည်နာမ ပြောင်းလဲပေးရန် လိုအပ်ပါသည်။ သို့ဖြစ်၍ သီလရှင် အမည်များကို သီလချီးမြှင့်သည့် ဆရာဘုန်းတော်ကြီးက သော်လည်းကောင်း၊ သီလရှင်ဆရာကြီးကသော်လည်းကောင်း နေ့နံအလိုက် စိစစ်ပြီး ဆန်းကျမ်းများအလို အပြစ်လွတ်၍ ကောင်းမြတ်သော အမည်နာမများကို ဖော်ပြလတ္တံ့ပါ နမူနာ ပုံစံများကဲ့သို့ မှည့်ခေါ်ပေးရပါမည်။

| | | |
|---|---|---|
| တနင်္ဂနွေသမီး | ဖြစ်လျှင် | – ဣန္ဒာသိင်္ဂီ |
| တနင်္လာသမီး | ဖြစ်လျှင် | – ခေမာစာရီ |
| အင်္ဂါသမီး | ဖြစ်လျှင် | – ဉာဏောသီ |
| ဗုဒ္ဓဟူးသမီး | ဖြစ်လျှင် | – ရူပသိင်္ဂီ |
| ကြာသပတေးသမီး | ဖြစ်လျှင် | – ပုညဝတီ |
| သောကြာသမီး | ဖြစ်လျှင် | – သုမာလာ |
| စနေသမီး | ဖြစ်လျှင် | – ဓမ္မေသီ |

အခန်း (၂)

# သီလရှင်ကျင့်ဝတ်များ

## ပထမ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသားတော်မူသော

(၁) နာယကသီလရှင် ဆရာကြီးတို့ ကျင့်ရသော ကျင့်ဝတ်

(က) တပည့်သီလရှင်တို့အား ပါဠိ၊ အဋ္ဌကထာတို့ကို စွမ်းအား အလျောက် ပို့ချပြသရခြင်း၊

(ခ) ဉာဏ်ပဋိဘာန်နှင့် ပြည့်စုံသောတပည့် ပေါ်ပေါက်လျှင် သဒ္ဒါနှင့် အဘိဓမ္မာ အခြေရအောင် ချပို့ပေးရခြင်း၊ အကယ်၍ မိမိချပို့ပေး နိုင်စွမ်းမရှိပါက ချပို့ပေးနိုင်စွမ်းရှိသူ ဆရာများထံ ကိုယ်တိုင် အပ်နှံပေးရခြင်း၊

(ဂ) တစ်လလျှင် လေးသီတင်းမျှ တရားစကား ဟောကြားကာ တပည့်များကို သဒ္ဓါတရား ထက်သန် တိုးပွားစေရခြင်း၊

(ဃ) ရုံဖန်ရံခါ ဩဝါဒပေး၍ တပည့်တို့အား ယဉ်ကျေးအောင် ဆုံးမရခြင်း၊

(င) ချီးမြှောက်ထိုက်သူကို ချီးမြှောက်၍ နှိပ်ကွပ်ဆုံးမထိုက်သူကို နှိပ်ကွပ်ဆုံးမရခြင်း၊

(စ) တပည့် ပရိသတ်အား ဩဝါဒကထာ၊ ဓမ္မကထာ စသော အကျိုးများမည့် စကားကိုသာ ပြောဆိုရခြင်း၊

(ဆ) ကျောင်းတိုက်တွင် အမှုအခင်းကရုဏ်း ပေါ်ပေါက်သော် ဖုံးဖိမထားဘဲ ထင်ရှားသင့်သည်ကို ထင်ရှားအောင်ပြု၍ တာဝန်ရှိသူ သီလရှင်တို့နှင့်တိုင်ပင်၍ ဆုံးမရခြင်း၊

(ဇ) သီလရှင်ငယ်တို့၏ တစ်ဘက်စကားဖြင့် မေးမြန်းစုံစမ်းခြင်း မပြုဘဲ အခြားတစ်ဘက်အား အပြစ်မဆိုဒေါသမထားရခြင်း၊

(ဈ) စာပေကျမ်းဂန် သင်အံ သရဇ္ဈာယ်ရခြင်း၊ သမထ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းရခြင်း၊

(ည) တပည့်တို့အား ပရိယတ် ပဋိပတ် အရာတို့၌ တိုးတက်အောင် ဆောင်ရွက်ရခြင်း၊

(ဋ) တပည့်တို့အား ကျင့်ဝတ်အတိုင်း နေရာကျအောင် အထူးကြည့်ရှုကြပ်မတ်ရခြင်း။

## (၂) သီလရှင်ချောင်၊ ကျောင်းတိုက်တို့၌ နေလိုသူ ပုဂ္ဂိုလ်များ ရှေးဦးကျင့်ဝတ်

(က) သီလရှင်ချောင်၊ ကျောင်းတိုက်တို့၌ နေလိုသူသည် တိုက်အုပ်ဆရာကြီးထံ သုံးကြိမ်တိုင် နေခွင့် တောင်းခံရမည်။ တိုက်အုပ်ဆရာကြီး၏ ခွင့်ပြုချက်ရသောအခါ သက်ဆိုင်ရာတိုက်ကြပ်ဆရာများထံ တိုက်အုပ်ဆရာကြီး၏ ခွင့်ပြုချက်ရပါကြောင်း လျှောက်ထားရမည်။ တိုက်ကြပ်တို့၏ ခွင့်ပြုချက် ရသောအခါ ဤသို့ခွင့်ပြုချက် ရကြောင်းကို တာဝန်ခံဆရာနှင့်တကွ တိုက်အုပ်ဆရာကြီးထံ ပြန်၍ လျှောက်ထားရမည်။

(ခ) တာဝန်ခံဆရာသီလရှင်ကလည်း မိမိအာမခံသည့် ပုဂ္ဂိုလ်အား ဆုံးမရန်ရှိသမျှ မိမိတာဝန်ယူ ဆုံးမမည်ဖြစ်ကြောင်းနှင့် တစုံတရာ စည်းကမ်း ဖောက်ဖျက်ခဲ့သော် မိမိကိုပါ ဒဏ်ပေးပါမည့် အကြောင်း လျှောက်ထားရမည်။

(ဂ) ထိုအခါ တိုက်အုပ်ဆရာကြီးက ထိုနှစ်ဦးအား သတိပြုဖွယ် ပြုကျင့်ဖွယ်များကို ပြောဟောရမည်။

(ဃ) ထို့နောက် ထိုနှစ်ဦးသည် တိုက်တွင်းရှိ မိမိထက်ကြီးသူတို့ထံ တစ်ပါးစီ စေ့အောင် လိုက်လံ၍ မိမိအား ဆုံးမပါရန်နှင့် ဆုံးမမှုကို မသွေမလှန် နာခံမည်ဖြစ်ကြောင်း လျှောက်ထားရမည်။ ဤသို့လျှောက်ထားပြီးမှ နေခွင့်ရရှိသည်။

(င) နေခွင့်ရရှိသောအခါ ဝတ်ရွတ်စဉ်၊ ပရိတ်ကြီးတို့ကို နှုတ်ငုံ မရသေးမီ အခြားစာများ သင်ယူခြင်း မပြုရ။

## (၃) တာဝန်ခံသည့်ပုဂ္ဂိုလ်ကျင့်ရန် ကျင့်ဝတ်

(က) မိမိတာဝန်ခံအပ်သောပုဂ္ဂိုလ်၏ အဝတ်အရုံ စနစ်ကျစေရန် ပြုပြင်သွန်သင်ရခြင်း၊

(ခ) နဝကမ္မပြုလုပ်သည့်အခါ ဆရာသမားများ သွန်သင်ထားသည့် အတိုင်း ဆောင်ရွက်တတ်အောင် သွန်သင်ပြသရခြင်း၊

(ဂ) မိမိ တာဝန်ခံအပ်သောပုဂ္ဂိုလ် အပြစ်တစုံတရာရှိ၍ ပြစ်ဒဏ်ထမ်းရသည့်အခါ မိမိကလည်း ပြစ်ဒဏ်တစ်ဝက် ထမ်းရခြင်း။

## (၄) တာဝန်ခံအပ်သည့်ပုဂ္ဂိုလ် ကျင့်ရန် ကျင့်ဝတ်

(က) မိမိအား တာဝန်ခံသည့် ဆရာဆုံးမသမျှ ကျိုးနွံစွာ နာခံ ရခြင်း၊

(ခ) တာဝန်ခံဆရာက မဆုံးမဝံ့တော့၍ အာမခံပြန်နုတ်ခဲ့သော် နောက်ထပ်တာဝန်ခံဆရာ မရနိုင်တော့ဟူသောအသိကို နှလုံးပိုက်၍ တာဝန်ခံဆရာအပေါ် လွန်စွာကျေးဇူးတင်ပြီး ကျိုးနွံ ချစ်ခင်လျက် ဝတ်ကြီးဝတ်ငယ်ပြုရခြင်း၊

(ဂ) အခါအားလျော်စွာ တာဝန်ခံဆရာထံသွား၍ ဆုံးမဩဝါဒ ခံရခြင်း။

## (၅) တာဝန်ခံအပ်သည့် ပုဂ္ဂိုလ် စည်းကမ်းဖောက်ဖျက်ရာ၌ ကျင့်ရန်ကျင့်ဝတ်

(က) တာဝန်ခံအပ်သည့်ပုဂ္ဂိုလ် ကျင့်ဝတ်မညီ ဖောက်ဖျက်ခဲ့သော် တိုက်ကြပ်တိုက်အုပ် သီလရှင်ဆရာကြီးတို့က တာဝန်ခံဆရာနှင့် တကွ ဒဏ်ပေးရခြင်း၊

(ခ) တိုက်ကြပ် တိုက်အုပ်တို့ပါ အမှတ်မဲ့နေခဲ့သော် တာဝန်ခံအပ်၊ တာဝန်ခံသူ နှစ်ဦးနှင့်တကွ တိုက်ကြပ်တိုက်အုပ်တို့ကို ပဓာန ကျောင်းတိုက် သီလရှင်ဆရာကြီးတို့က ဒဏ်ပေးရခြင်း။

## (၆) ဘုရားဝတ်တက်ရာ၊ ဆွမ်းတော်ကပ်ရာ ဘုရားကျောင်း၌ ကျင့်ရန် ကျင့်ဝတ်

(က) ဘုရားဝတ်တက်၊ ဆွမ်းတော်ကပ်ရန် ကြေးစည်၊ သံချောင်း တီးသည်နှင့် တပြိုင်နက် ပြောပလောက်သော ဖျားနာကိစ္စ မရှိက လျင်မြန်စွာ ဘုရားကျောင်းသို့ သွားရခြင်း၊

(ခ) အဝတ်အရုံကို ညီညာစွာဝတ်၍ သိမ်မွေ့သောကာယန္ဒြေဖြင့် ရိုသေစွာ သွားရခြင်း၊

(ဂ) ဘုရားကျောင်းသို့သွားရာ၌ စကားမပြောဘဲ ဘုရားဂုဏ်ကိုသာ အာရုံပြု၍ သွားရခြင်း၊

(ဃ) မြတ်စွာဘုရားကျောင်းဝင်းသို့ ဝင်သည်နှင့် ဘုရားရှင်ကို မြင်လျှင် မြင်ချင်း လက်အုပ်ချီ ရှိခိုးပူဇော်၍ သွားရခြင်း၊

(င) ပန်းတော်၊ ရေတော်၊ ဆီမီးတော် ကပ်လှူပူဇော်ပြီးနောက် နံနက်ရွတ်ပရိတ်၊ ညရွတ်ပရိတ်များကို ညီညာစွာ သဒ္ဒါတရား အပြည့်ဖြင့် ရွတ်ရခြင်း၊

(စ) အနာရောဂါကြောင့် ဝတ်တက်၊ ဆွမ်းတော်ကပ် မလိုက် နိုင်လျှင် သင့်ရာပုဂ္ဂိုလ်အား အကြောင်းနှင့်တကွ မှာကြားလိုက်ရခြင်း၊

(ဆ) အကြောင်းထူးမရှိဘဲ နေရစ်ခဲ့သော်လည်းကောင်း၊ အကြောင်းထူး ရှိသော်လည်း မှာကြားခွင့်သာပါလျက် ခွင့်မပန်ခဲ့သော်လည်းကောင်း ထိုပုဂ္ဂိုလ်သည် သဲဒဏ် ရေဒဏ်ထမ်းရခြင်း၊

(ဇ) ဝတ်တက်ပြီးသောအခါ ဆရာကြီးက ခွင့်လွှတ်သည့်အခါမှ ကြမ်းနင်းသံ မကြားရစေဘဲ ဖြည်းညင်းစွာ ဘုရားရှင်အား နောက်ဆုတ် ရှိခိုးလျက် ဘုရားကျောင်းမှ ဆင်းသွားရခြင်း၊

(ဈ) အကြောင်းထူးမရှိလျှင် ဘုရားကျောင်းတက်သည်မှ ဆင်းခဲ့သည့် တိုင်အောင် စကားမပြော တုဏှိဘောဖြင့် ပြန်လာရခြင်း။

## (၇) ညအခါ စာပြန်ရာ၌ ကျင့်ရန်ကျင့်ဝတ်

(က) ဘုရားဝတ်တက်ရာမှ အပြန် အကြောင်းထူး မရှိလျှင် စာပြန်ရာ စာတက်ရာသို့ မနေးမလျင် ကောင်းစွာသွား၍ မိမိထိုင်မြဲနေရာတွင် ထိုင်ပြီး တပေါင်းတည်းဖြစ်စေ၊ မိမိ နေရာကျောင်း၌ အသီးသီး ဖြစ်စေ စာပြန်ရခြင်း၊ ရုပ်ယှက်ခတ် စကြံသွားလျက် စာမပြန်ရခြင်း၊ စကြံသွားလျက် စာပြန်လိုပါက ကျောင်းအနီးမြေပြင်၌ ဆင်း၍ စာပြန်ရခြင်း၊

(ခ) စာပြန်စဉ် သူတပါးအိပ်ငိုက်သည်ကို မြင်ပါက မနှိုးဘဲ မနေ ရခြင်း၊

(ဂ) စာပြန်စဉ် မိမိအိပ်ငိုက်သည်ကို သူတပါးမြင်၍ နှိုးလျှင် စိတ်မဆိုးဘဲ မအိပ်ချင်အောင် ကျောင်းအနီး မြေပြင်၌ စကြံ လျှောက်၍ စာပြန်ရခြင်း၊ မျက်နှာသစ်ရခြင်း၊

(ဃ) ပြောပလောက်သော အကြောင်းထူးမရှိဘဲ စာပြန်စဉ် စာအံတိတ်ရန် ကြေးစည်သံချောင်း မတီးမခေါက်ရခြင်း၊

(င) စာပြန်ပြီးနောက် စကားမပြောဘဲ မိမိတို့ အိပ်နေကျနေရာ အခန်းတွင်း၌ သင့်သည့် သမထ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို

စွမ်းနိုင်သမျှ နှလုံးသွင်း၍ အိပ်ရခြင်း၊ နှလုံးမသွင်းဘဲ နေလျှင် ရေဒဏ်(၁၀)ခေါက် ထမ်းရခြင်း၊

(စ) သူတပါး အိပ်ရာနေရာ၌ မအိပ်ရ၊ အိပ်မိလျှင် နံနက်ထသော အခါ ရေဒဏ်(၁၀)ခေါက် ထမ်းရခြင်း၊

(ဆ) အနာရောဂါရှိ၍ စာမပြန်နိုင်လျှင် သူတပါး စာအံမတိတ်မီ အတွင်း၌ မအိပ်မလှဲဘဲ သမထ၊ ဝိပဿနာကို ပွားများနေရခြင်း၊

(ဇ) အထက်ပါ ကျင့်ဝတ်များကို မကျင့်ကြံဘဲ အမှတ်မဲ့နေခဲ့လျှင် မိမိ အသိတရားဖြင့် ရေဒဏ်(၁၀)ခေါက်ထမ်း၍ မည်သည့်အပြစ်ကြောင့် ဒဏ်မည်မျှ ထမ်းရကြောင်း သီလရှင်အပေါင်းအား ဘုရားဝတ်တက်သောအခါ၌ လျှောက်ထားရခြင်း။

## (၈) ကျောင်းတိုက်တွင်း ဝေယျာဝစ္စ ပြုလုပ်ရာ၌ ကျင့်ရန် ကျင့်ဝတ်

(က) ဝေယျာဝစ္စပြုလုပ်ရာ၌ ကြေးစည်သံချောင်း တီးခေါက် သည်နှင့် တပြိုင်နက် သီလရှင်များ စုဝေးရာသို့ နောက်မကျရအောင် အထူးဂရုပြု သွားရခြင်း၊

(ခ) သီလရှင်ဆရာကြီးက ညွှန်းချဝေဘန်ရာအမှုကို ငြင်းဆန်မှုမပြုဘဲ စွမ်းအားအလျောက် အားထုတ် ဆောင်ရွက်ရခြင်း၊

(ဂ) ကိုယ်လက်မအီမသာ ရောဂါစသော အကြောင်းရှိလျှင် သီလရှင် ဆရာကြီးများထံ ခွင့်ပန်၍ နေရခြင်း၊ မပန်မကြား အမှတ်မဲ့ နေခဲ့သော် သင့်ရာဒဏ် ထမ်းရခြင်း၊

(ဃ) အကြောင်းထူး မရှိ ပျင်းရိ ခိုကပ် နေရစ်ခဲ့သော်လည်းကောင်း၊ အလွန်ကြာမြင့်အောင် နေခဲ့သော်လည်းကောင်း မိမိအသိတရားဖြင့် ရေဒဏ် (၁၀)ခေါက် ထမ်း၍ မည်သည့် အကြောင်းကြောင့်

ဒဏ်ထမ်းရကြောင်းကို သီလရှင်အပေါင်းအား ဘုရားဝတ်တက်သောအခါ၌ လျှောက်ထားရခြင်း၊

(င) ဝေယျာဝစ္စပြုလုပ်စဉ် အကျိုးမဲ့ ပြိန်ဖျင်းသော စကားများ မပြောမိစေရန် အထူးဂရုပြုရခြင်း၊

(စ) သီလရှင် အကြီးအကဲများမှတပါး သီလရှင်ငယ် အချင်းချင်း "မည်သူမလာ၊ အမှန်တကယ် မလုပ်၊ ပျင်းသည်၊ ဖျင်းသည်" စသည့် ကဲ့ရဲ့စကားများ မဆိုရခြင်း၊

(ဆ) သီလရှင် ဆရာကြီးနှင့်တကွ တိုက်အုပ်၊ တိုက်ကြပ်တို့က စေခိုင်းလျှင် တစ်ခွန်းတည်းသော စကားဖြင့် မငြင်းမဆန် အားထုတ်ပြုလုပ်ရခြင်း၊

(ဇ) အမှုကိစ္စပြီး၍ သီလရှင်ဆရာကြီးတို့က ခွင့်ပြုသည့်အခါမှ လိုရာသို့ သွားရခြင်း၊ အမှုမပြီးမီ အကြောင်းထူးရှိ၍ သွားလိုလျှင် သီလရှင်ဆရာကြီးတို့ထံ ပန်ကြား၍ သွားရခြင်း။

## (၉) ရေချိုး ရေခပ်သွားရာ၌ ကျင့်ရန် ကျင့်ဝတ်

(က) ရေချိုး ရေခပ်သွားလျှင် တစ်ယောက်တည်းမသွားရဘဲ သုံးယောက်၊ လေးယောက် သွားရခြင်း၊

(ခ) ရေခပ်ဆိပ်၌ အများပေါင်းဆုံမိသော် စကားများစွာ မပြောရ၊ ရယ်မောမြူးထူး ရေကူး ရေကစား မပြုဘဲ ငြိမ်သက်သော ဣန္ဒြေဖြင့် ရေချိုးရခြင်း၊

(ဂ) ရေချိုး ရေခပ်ရာ၌ အတိုင်းထက်အလွန် ရှည်ကြာစွာ မနေရခြင်း၊

(ဃ) အထက်ပါ ကျင့်ဝတ်တို့ကို ဖောက်ဖျက်ကျူးလွန်မိသော် ဒဏ်ပေးသည်ကို ခံယူရခြင်း။

သုတေသနစာကြည့်တိုက်

## (၁၀) ဓာတိရပ်ရွာသို့ အခိုက်အတန့် ပြန်လိုသော သီလရှင်တို့ ကျင့်ရန် ကျင့်ဝတ်

(က) ဓာတိရပ်ရွာသို့ အခိုက်အတန့် ပြန်သွားလိုသော သီလရှင်သည် အာမခံဆရာ၊ သီလရှင်ဆရာကြီးတို့ထံ စုံစေ့အောင် လျှောက်ထားပြီးမှ ပြန်ရခြင်း၊

(ခ) အကြောင်းထူးမရှိဘဲ (၁၅)ရက်ထက် ပိုမနေရခြင်း၊

(ဂ) အကြောင်းထူးရှိ၍ (၅)လကျော်မှ ပြန်လာခဲ့သော် အာမခံဆရာ အသစ်ရှာ၍ သီလရှင်သစ်တို့နည်းတူ သီလရှင်ဆရာကြီးထံ လျှောက်ထားပြီး အခွင့်ရမှ နေရခြင်း၊

(ဃ) အကြောင်းထူးမရှိဘဲ ရပ်ရွာ၌ အမှတ်မဲ့ ကြာရှည်စွာနေခဲ့သော် ရောက်သည့်အခါ နှံ့နှာအောင် ဒဏ်ပေးဆုံးမသည်ကို ခံယူရခြင်း။

## (၁၁) သမ္မာကိစ္စ အဝတ်၌ ကျင့်ရန် ကျင့်ဝတ်

(က) သီလရှင်တို့သည် မိမိတို့ တိုက်တာအတွင်း၌ အဖိတ်နေ့တိုင်း အမှိုက်သုတ်သင်၍ တံမြက်လှည်းရခြင်း စသော သေနာသနဝတ်ကို ပြုရခြင်း၊ မပြုလျှင် ဒဏ်သုံးခေါက် ထမ်းရခြင်း၊

(ခ) အလှူရှင်က ပင့်ဖိတ်၍ သွားသောအခါ ဣန္ဒြေငါးပါးကို စောင့်ထိန်း၍ သွားရခြင်း၊

(ဂ) မိမိတိုက်တာ၌ ဖြစ်စေ၊ သူတပါး တိုက်ကာက ပင့်ဖိတ် ကျွေးမွေးရာ၌ ဖြစ်စေ သုံးဆောင်သောအခါ တည်ငြိမ်သော ဣန္ဒြေဖြင့် သခ်ိဳရဒုက္ခဟု နှလုံးသွင်း၍ သေခိယသိက္ခာပုဒ်တော်ကို ကျင့်သုံးသော ရှင်ရဟန်းများကဲ့သို့ သုံးဆောင်ရခြင်း၊

(ဃ) စားသုံးစဉ် ဖျာ စသော အခင်းတို့အပေါ်သို့ ထမင်း တစ်လုံးဟင်းကစ်စက်မျှ မကျမစွန်းရအောင် စားသုံးရခြင်း၊

(င) ထမင်းစားရာအနီး၌ နှပ်ညှစ်၊ ချွဲဟက်၊ တံတွေး ထွေးခြင်းများ မပြုလုပ်ရခြင်း၊
(စ) ထင်းခွေ၊ ဟင်းချက်ခူး စသည့်အမှုတို့ကို ဆောင်ရွက်ရာတွင် မိမိရပ်နာမ် ခန္ဓာကြီး တည်မြဲရေးအတွက် ဤသို့ အသက်မွေးမှု ပြုရခြင်းသည် သခ်ါရဒုက္ခဟု နှလုံးသွင်း ဆောင်ရွက်ရခြင်း၊
(ဆ) စားသောက်လှူဒါန်းရန် ဈေးဝယ်သောအခါ လောဘမဖက် အနိုင်အထက်မပြုဘဲ တရားသဖြင့် ဝယ်ယူရခြင်း၊ တရားသဖြင့် မဝယ်ယူလျှင် ဒဏ်သုံးခေါက် ထမ်းရခြင်း၊
(ဇ) မိမိတို့ တိုက်တာအတွင်း အလှူရှင်များက ဆွမ်းစသော လှူဖွယ် တစ်ခုခုဖြင့် ကုသိုလ်ပြုကြသောအခါ မခိုမကပ်ဘဲ ဝေယျာဝစ္စ ကုသိုလ်ကို ကောင်းစွာ ဆောင်ရွက်ရခြင်း၊ မဆောင်ရွက်က ဒဏ်သုံးခေါက် ထမ်းရခြင်း၊
(ဈ) မိမိတို့တိုက်တာအတွင်းသို့ သံဃာတော်များ ဆွမ်းခံကြွလာသော အခါ သီလရှင်ငယ်များကို ဆွမ်းမလောင်းစေဘဲ လှူဖွယ်ဝတ္ထု များကို တစ်နေရာတည်းတွင် စု၍ သီလရှင်ကြီးများကသာ အမြဲလောင်းရခြင်း၊
(ည) ဆွေမျိုးမတော်စပ်သော ရဟန်းသာမဏေများကို သီလရှင်များက နိစ္စဘတ် ထိုင်အိမ်ပြု၍ ဆွမ်းကျွေး၊ ဆွမ်းလောင်းခြင်း မပြုရ၊
(ဋ) ဆွေမျိုးရင်းချာတော်စပ်သည့် ရဟန်း သာမဏေကိုပင် မိမိနှင့် အတူနေ သီလရှင်ငယ်များ ရှိခဲ့လျှင် နေ့စဉ် ဆွမ်းကျွေး၊ ဆွမ်းလောင်းခြင်းများကို ရှောင်ကြဉ်ရခြင်း၊ မရှောင်ကြဉ်လျှင် သီလရှင်ဆရာကြီးများက ဆုံးမရခြင်း၊ ဆုံးမ၍ မရက တိုက်မှ နှင်ထုတ်ရခြင်း၊ နှင်ထုတ်၍မှ မသွားလျှင် အပေါင်းအဖော် မပြုရခြင်း၊
(ဌ) ကိုယ်ဝတ်၊ ခါးဝတ်တို့ကို စင်ကြယ်အောင် ဖွတ်လျှော်ပြီးမှ ဝတ်ရုံရခြင်း၊ ဤသို့ ဝတ်ရုံရာတွင် ဟိရိဩတ္တပ္ပတရား နှစ်ပါး လုံခြုံစေခြင်းငှာ ဝတ်ရုံရသည်ဟု နှလုံးသွင်း ဝတ်ရုံရခြင်း၊

(ဍ) ရဟန်း၊ သာမဏေ၊ အမျိုးသားများနှင့် တစ်ယောက်ချင်းချင်း စကားပြော တရားဟော တရားနာ လုံးဝမပြုရခြင်း၊

(ဎ) အပျင်းဖက်၍ စားမှု၊ အိပ်မှု၊ စကားပြောမှုတို့ဖြင့်သာ နေ့ရက်များ ကုန်ဆုံးမှု မဖြစ်စေရခြင်း၊

(ဏ) သီတင်းသုံးဖော် သီလရှင်တို့အား ဒေါသ၊ မာနစိတ်ဖြင့် ကြမ်းတမ်းသောစကားကို မျက်မှောက်၊ မျက်ကွယ်၌ မဆိုမိအောင် ဂရုပြုရခြင်း၊

(တ) ဆွမ်းဆန်အလှူခံသွားရာ၌ စကားမပြောဘဲ စက္ခုန္ဒြေချ၍ သမထ၊ ဝိပဿနာဖြစ်အောင် နှလုံးသွင်းသွားရခြင်း၊ ဈေး၊ စားသောက်ဆိုင် စသော လူစည်ကားရာအရပ်တို့၌ သာသနာတော် ညှိုးနွမ်းစေမည့် အပြုအမူမျိုးဖြင့် အလှူခံခြင်း၊ ဆွမ်းဆန်ခံခြင်း မပြုရ၊

(ထ) ရဟန်း သံဃာတော်များ၏ အနီးအပါးတွင် ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်း မပြုမိစေဘဲ ကုသိုလ်စိတ်ဖြစ်စေရန် သတိပြုရခြင်း၊

(ဒ) သီလရှင်တို့သည် ရေချိုး၊ ရေခပ်၊ ထင်းခွေ၊ ဟင်းရွက်ခူး၊ ဘုရားဖူး၊ ဘုန်းတော်ကြီးကျောင်းများသို့ သွားရာတွင် ဆရာကို ပန်ကြား၍ အနည်းဆုံး သုံးယောက်သွားရခြင်း၊ မပန်ကြားဘဲ သွားလျှင် တိုက်ဆရာကြီးက ဆုံးမရခြင်း၊ ဆုံးမ၍မရလျှင် တိုက်မှ နှင်ထုတ်ရခြင်း၊ နှင်ထုတ်၍ မသွားလျှင် အပေါင်းအဖော် မပြုရခြင်း၊

(ဓ) မကျန်းမမာသော သီလရှင်ကို ကိုယ်ဖိ၊ ရင်ဖိ ပြုစု ကုသရခြင်း၊

(န) ဆေးလိပ်၊ ကွမ်း စားသောက်ခြင်းကို ရှောင်ကြဉ်ရခြင်း၊

(ပ) သီလရှင်ဆရာကြီးများ၊ သီလရှင်များ၊ ဘုန်းတော်ကြီးများကို ဘွဲ့အမည် မခေါ်မိစေဘဲ "အရှင်ဘုရား" "တပည့်တော်မ" စသည်ဖြင့် ပြောဆိုရခြင်း၊

(ဖ) စကားပြောတိုင်း "မှန်ပါဘုရား" စသည်ဖြင့် "ပါ"တစ်လုံး ပါအောင် ဂရုပြု ပြောဆိုရခြင်း၊

(ဗ) မိမိထက် အသက်၊ သိက္ခာ၊ ဂုဏ်ကြီးသူတို့အနီး၌ ဆောင့်ကြောင့်ထိုင်၊ အလျားမှောက်၊ ခြေဆင်းခြင်း စသော အဂါရဝ အမူအရာများ မပြုရခြင်း၊

(ဘ) "နင်" "ငါ" "မင်း" "အေ" "ညည်း" "ကျွန်မ" "တော်" "ရှင်" စသည့် လူသုံးဝေါဟာရများကို မသုံးစွဲရ၊ မပြောဆိုရခြင်း၊

(မ) ကလေးငယ်တို့ကို မချီမပိုးရခြင်း၊

(ယ) ရေစိုအဝတ်တို့ဖြင့် ရေကန်၌ ရေမခပ်ရခြင်း၊

(ရ) သံဃာကျောင်းတိုက်မှ ဖျာ၊ ကော်ဇော၊ အိုးခွက်စသည့် ပစ္စည်းများ မငှားမိအောင် ရှောင်ကြဉ်ရခြင်း၊

(လ) ကာမဂုဏ်နှင့်စပ်သည့် ရုန့်ရင်းကြမ်းတမ်းသော စကားကို သိနားလည်သူ ယောကျ်ားတစ်ဦးဦး အနီးအပါး၌ မရှိဘဲ ရဟန်းတော်တစ်ပါးပါးထံ၌ သီလ မဆောက်တည်ရခြင်း၊ တရားမနာရခြင်း၊ စာမတက်ရခြင်း၊ ဤကျင့်ဝတ်ကို မလိုက်နာသော် သုံးကြိမ်ဆုံးမရခြင်း၊ ဆုံးမ၍ မရက တိုက်မှ နှင်ထုတ်ရခြင်း၊ နှင်ထုတ်၍မှ မသွားလျှင် အပေါင်းအဖော် မပြုရခြင်း၊

(ဝ) မိမိတို့ တိုက်၌ ကထိန်ပွဲ မကျင်းပရခြင်း၊

(သ) အချိန်မတော် အဖော်မပါသော လူ၊ ရဟန်း၊ သာမဏေတို့ကို လက်မခံရပြင်း၊ လက်ခံခဲ့လျှင် သုံးကြိမ် ဆုံးမရခြင်း၊ ဆုံးမ၍ မရလျှင် တိုက်မှ နှင်ထုတ်ရခြင်း၊

(ဟ) ရာသက်ပန် သီလရှင်ဝတ်သူများသည် သီလရှင်အဖွဲ့အစည်းနှင့် ကင်းလွတ်၍ တစ်ဦးတည်း မနေရခြင်း၊ နေအိမ်များ၌ လူများနှင့် ရောနှော မနေရခြင်း။

# နောက်ဆက်တွဲ

## ရှစ်ပါးသီလ ပါဠိနှင့် အနက်

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သီလ ပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ပိုင်ရှင်မပေးသော သူ့ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သီလ ပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော မူးယစ်စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ နေလွဲအခါ စားသောက်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော

သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဘုရားရှင် အဆုံးအမတော်၏ ဆန့်ကျင်ဘက် ဖြောင့်တံကျင်သဖွယ်ဖြစ်သော ကြည့်ရှု နားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း၊ နံ့သာပြောင်းတို့ဖြင့် အပြေအပြစ် ပြုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သောသီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၈) ဉစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ မြင့်သောနေရာ၊ မြတ်သောနေရာ၌ လျောင်းစက်နေထိုင်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

## ဆယ်ပါးသီလ ဒါဠ်နှင့် အနက်

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စဂီတဝါဒိတဝိသူကဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဘုရားရှင် အဆုံးအမတော်၏ ဆန့်ကျင်ဘက် ဖြောင့်တံကျင်သဖွယ် ဖြစ်သော ကြည့်ရှု နားထောင်ခြင်းမှ

ရှောင်ကြဉ်ကြောင်းဖြစ်သော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၈) မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း၊ နံ့သာပြောင်းတို့ဖြင့် အပြေအပြစ်ပြုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၉) ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
မြင့်သောနေရာ၊ မြတ်သောနေရာ၌ လျောင်းစက်နေထိုင်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

အမှာ။ ။ဆယ်ပါးသီလ အနက်ပေးရာ၌ (၁)မှ (၆)အထိကို ရှစ်ပါးသီလ အနက်ပေးနည်းအတိုင်း မှတ်ရပါမည်။

# ညွှန်ကြားလွှာအမှတ် ( ၈၄ )

**အကြောင်းအရာ ။ ။သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ခန်းနေသီလရှင်များ လိုက်နာကျင့်သုံးရန် စည်းမျဉ်း စည်းကမ်းများ ထုတ်ပြန်ညွှန်ကြားခြင်း**

သာသနာနွယ်ဝင်သီလရှင်များသည် မကြည်ညိုသေးသောသူများကို ကြည်ညိုစေရန်နှင့် ကြည်ညိုပြီးသောသူများကို ပို၍ကြည်ညိုစေရန်အတွက် ဖော်ပြလတ္တံ့ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

## (က) သာသနာနွယ်ဝင် သီလရှင်များ လိုက်နာရန် စည်းကမ်း ကျင့်ဝတ်များ

(၁) ဗုဒ္ဓဘာသာသာသနာနွယ်ဝင် သီလရှင်ဝတ်လိုသူသည် ကျောင်းထိုင်ဘုန်းကြီး၊ ကျောင်းတိုက်နာယကဆရာတော်၏ ထံ၌ ဖြစ်စေ၊ ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ်သီလရှင်ဆရာကြီး၏ ထံ၌ ဖြစ်စေ ဆရာတစ်ဦးဦး ထံ၌သာ သီလရှင်ဝတ်ရမည်။ မိမိဘာသာအလျောက် သီလရှင်ဝတ်နေခွင့်မရှိ။

(၂) သာသနာနွယ်ဝင်သီလရှင်သည် ၈-ပါးသီလ(သို့မဟုတ်) ၁၀-ပါးသီလကို မကျိုးမပေါက်အောင် ထိန်းသိမ်း စောင့်ရှောက်ရမည်။

(၃) သာသနာနွယ်ဝင် သီလရှင်သည် ကျောင်းထိုင်ဘုန်းကြီး/ ကျောင်းတိုက်နာယကဆရာတော်၏ အုပ်ချုပ်မှုအောက်၌ ဖြစ်စေ၊ ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ် သီလရှင်ဆရာကြီး၏ အုပ်ချုပ်မှုအောက်၌ ဖြစ်စေ၊ အုပ်ချုပ်မှုတစ်ခုခု၏ အောက်၌သာနေထိုင်ရမည်၊ အုပ်ချုပ်မှုကင်းလွတ်၍ နေထိုင်ခွင့်မရှိ။

(၄) သာသနာနွယ်ဝင် သီလရှင်ဟူသမျှသည် ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားသော သီလရှင်အဖွဲ့အစည်း တစ်ခုခုနှင့် သက်ဆိုင်စေ ရမည်၊ သီးခြားကင်းလွတ်၍ နေထိုင်ခွင့်မရှိ။

(၅) သာသနာနွယ်ဝင်သီလရှင်သည် စာပေကျမ်းဂန် သင်အံပို့ချမှုဟူသော ပရိယတ္တိတာဝန်ကို ဖြစ်စေ၊ ဗုဒ္ဓါနုဿတိ၊ မေတ္တာစသော ကမ္မဋ္ဌာန်းစီးဖြန်းမှုနှင့် ရုပ်နာမ် ဓမ္မသင်္ခါရတို့ကို ဝိပဿနာရှုမှတ်ပွားများမှုဟူသော ပဋိပတ္တိတာဝန်ကို ဖြစ်စေ၊ ယင်းတာဝန်နှစ်မျိုးစလုံးကို ဖြစ်စေ ထမ်းဆောင်နေရမည်၊ မည်သည့်တာဝန်ကိုမျှ မထမ်းဆောင်ဘဲ တာဝန်မဲ့ နေခွင့်မရှိ။

(၆) သာသနာနွယ်ဝင် သီလရှင်သည် သူတော်ကောင်းများနေထိုင်ရာ ဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်အတွင်း၌သာ နေထိုင်ရမည်၊ ရပ်ရွာ အတွင်းရှိ လူနေအိမ်များ၌ အကြောင်းမဲ့ နေ့ရက်ကြာရှည်စွာ နေထိုင်ခြင်းမပြုရ။

(၇) သာသနာနွယ်ဝင် သီလရှင်သည် ညဉ့်အမှောင်ထဲ၌ အမျိုးသားနှင့် အတူ တစ်ယောက်ချင်း မနေထိုင်ရ၊ စကား မပြောရ။

(၈) သာသနာနွယ်ဝင်သီလရှင်သည် လူဝတ်ကြောင်အမျိုးသားနှင့် သော်လည်းကောင်း၊ ရသေ့ဦးသူတော်နှင့် သော်လည်းကောင်း၊ ရဟန်းသာမဏေနှင့်သော်လည်းကောင်း အတူတကွ တစ်ဦးချင်း သွားလာလှည့်လည်ခြင်း မပြုရ။

(၉) သာသနာနွယ်ဝင် သီလရှင်သည် အရက်သေစာ သောက်စားခြင်း၊ မူးယစ်ဆေးဝါးမှီဝဲခြင်း မပြုလုပ်ရ။

(၁၀) သာသနာနွယ်ဝင် သီလရှင်သည် လောင်းကစားမှုများကို ကိုယ်တိုင်ပါဝင် လောင်းကစားခြင်း၊ လောင်းကစားဝိုင်း အနီး၌ နေထိုင်လျက် လောင်းကစားမှုကို ကြည့်ရှုခြင်း မပြုရ။

(၁၁) သာသနာနွယ်ဝင် သီလရှင်သည် တရားမဝင် မှောင်ခိုကုန်ပစ္စည်းများ လက်ဝယ်ထားရှိ ရောင်းဝယ်ခြင်း၊ နိုင်ငံတော်က တားမြစ်ထားသော ကုန်ပစ္စည်းများကို ကိုယ်တိုင်ရောင်းဝယ်ခြင်း၊ သူတပါးအတွက် သယ်ဆောင်ပေးခြင်း၊ လက်ခံ သိုလှောင်ထားခြင်း မပြုရ။

(၁၂) သာသနာနွယ်ဝင် သီလရှင်သည် ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ရုပ်ရှင်၊ ဆပ်ကပ်၊ လက်ဝှေ့၊ တီးဝိုင်း၊ ဘောလုံးပွဲစသော ပွဲလမ်းသဘင်များကို သွားရောက်ကြည့်ရှုခြင်း မပြုရ။

(၁၃) သာသနာနွယ်ဝင်သီလရှင်သည် ကိုယ်တိုင် ကားဂိတ်၊ ရထားဘူတာ၊ သင်္ဘောဆိပ်၊ လေဆိပ်နှင့် ဈေးများအတွင်း၌သော်လည်းကောင်း၊ လမ်းဆုံ၊ လမ်းခွ၊ လမ်းမများ၌ သော်လည်းကောင်း၊ မော်တော်ကား၊ မီးရထား၊ သင်္ဘောများပေါ်၌သော်လည်းကောင်း၊ ကားလမ်းမများပေါ်တွင် မော်တော်ယာဉ်များကို တားဆီး၍သော်လည်းကောင်း ငွေကြေး အလှူခံခြင်း မပြုရ။

(၁၄) သာသနာနွယ်ဝင် သီလရှင်သည် ကိုယ်ဝန်ဆောင် အမျိုးသမီးကိုသော်လည်းကောင်း၊ နို့စို့ကလေးရှိသော အမျိုးသမီးကိုသော်လည်းကောင်း၊ အမိ အဘနှင့် လင် ယောကျ်ားတို့က ခွင့်မပြုသော အမျိုးသမီးကိုသော်လည်းကောင်း သီလရှင် ဝတ်မပေးရ။

(၁၅) သာသနာနွယ်ဝင်သီလရှင်သည် ကိုက်နှင့်ကိုယ်ရုံ မဝတ်မရုံဘဲ မြို့တွင်း၊ ရွာတွင်းသို့ မဝင်ရ။

## (ခ) သီလရှင်ဆရာကြီးများ လိုက်နာရန် စည်းကမ်းကျင့်ဝတ်များ

(၁) သီလရှင်ဆရာကြီး (သို့မဟုတ်) ကျောင်းတိုက်နာယက သီလရှင်သည် ဤစည်းကမ်းကျင့်ဝတ်(၁၅)ချက်ကို မိမိကိုယ်တိုင် လိုက်နာရမည့်အပြင် မိမိဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင် အတွင်းရှိ ခန်းနေ သီလရှင်များကိုလည်း လိုက်နာအောင် ကြီးကြပ် ကွပ်ကဲ ဆုံးမ ဩဝါဒပေးရမည်။

(၂) မိမိဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင် အတွင်းရှိ သီလရှင်များ အားလုံးကို ဤစည်းကမ်း ကျင့်ဝတ် (၁၅)ချက်နှင့် အညီ

လည်းကောင်း၊ သက်ဆိုင်ရာ ဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်၏ စည်းကမ်းနှင့် အညီလည်းကောင်း ကျင့်သုံး လိုက်နာ နေထိုင်မည်ဖြစ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုး ထားရှိစေရမည်။

(၃) မိမိဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်အတွင်းရှိ ခန်းနေ သီလရှင်များ၏ သာသနာ့နွယ်ဝင် မှတ်တမ်းများကို သိမ်းဆည်းထားရမည်။

(၄) ဤကတိ ဝန်ခံချက်ကို ဖောက်ဖျက်ကျူးလွန်သော သီလရှင်ကို ဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်စည်းကမ်းနှင့် အညီ အရေးယူ အပြစ်ဒဏ်ပေးရမည်။

(၅) ဤကတိဝန်ခံချက်ကို ဖောက်ဖျက် ကျူးလွန်သည့်အတွက် နှင်ထုတ်သည့်အခါ ထွက်ခွာမသွားသော သီလရှင်ကို သက်ဆိုင်ရာ မြို့နယ် သီလရှင် အမှုဆောင်အဖွဲ့နှင့် ရပ်ကွက်/ကျေးရွာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့၏ အကူအညီကို ရယူ၍ နှင်ထုတ်ရမည်။

## (ဂ) မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ

(၁) မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ် သီလရှင် ဆရာကြီးနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တို့က နှင်ထုတ်ပါလျက် ထွက်ခွာ မသွားသော ခန်းနေသီလရှင်ကို သက်ဆိုင်ရာ မြို့နယ် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အကူအညီကို ရယူ၍ ဖယ်ရှား နှင်ထုတ်ပေးရမည်။

(၂) ထို့အပြင် အဆိုပါ ခန်းနေသီလရှင်၏ သာသနာနွယ်ဝင် မှတ်တမ်းကို မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့က သက်ဆိုင်ရာ ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ် သီလရှင်ဆရာကြီးထံမှ သိမ်းဆည်းရမည်။

(၃) လာရောက်အပ်နှံသည့် ဆရာ (သို့မဟုတ်) မိဘ (သို့မဟုတ်) သီလရှင် ဒါယကာ၊ ဒါယိကာမ တစ်ဦးဦး၏ အာမခံချက်ဖြင့် ကာယကံရှင်ကိုယ်တိုင် ဝန်ချတောင်းပန်မှသာလျှင် ယင်းသာသနာ နွယ်ဝင် မှတ်တမ်းကို ပြန်လည် ထုတ်ပေးရမည်။

(၄) မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့သည် မိမိ၏ ဩဝါဒကို မလိုက်နာသည့် ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ် သီလရှင် ဆရာကြီးအား ခေါ်ယူ၍ ဤစည်းကမ်း ကျင့်ဝတ်ကို တိကျစွာ လိုက်နာ ကျင့်သုံးစေရန်နှင့် မိမိအဖွဲ့၏ ဩဝါဒကို လိုက်နာစေရန် (၂)ကြိမ်တိုင်တိုင် ဆုံးမဩဝါဒ ပေးရမည်။

(၅) ထိုကဲ့သို့ (၂)ကြိမ်တိုင်တိုင် ဆုံးမဩဝါဒ ပေးပါလျက် လိုက်နာခြင်း မရှိသော ဇရပ်အုပ်၊ ကျောင်းအုပ်၊ ကျောင်းတိုက်အုပ်၊ ချောင်အုပ် သီလရှင်ဆရာကြီးအား သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအရ အရေးယူခြင်း၊ ဇရပ်၊ ကျောင်း၊ ကျောင်းတိုက်၊ ချောင်ကို နာမည်ပျက်စာရင်း ထည့်သွင်း ကြေညာခြင်းတို့ကို ပြုလုပ်ရမည်။

(၆) ယင်းကဲ့သို့ အရေးယူ ဆောင်ရွက်ခြင်းကို ပြည်နယ်/တိုင်း သီလရှင်အမှုဆောင်အဖွဲ့သို့ အစီရင်ခံ တင်ပြ၍ သက်ဆိုင်ရာ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် မြို့နယ် သာသနာရေးမှူးတို့ထံ မိတ္တူ ပေးပို့ရမည်။

(၇) မြို့နယ် သီလရှင် အမှုဆောင်အဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ သီလရှင်များအားလုံး ဤစည်းကမ်းကျင့်ဝတ်တို့ကို လိုက်နာစေရန်

မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အကူအညီကို ရယူ၍ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

## (ဃ) ပြည်နယ်/တိုင်း သီလရှင်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ

(၁) ပြည်နယ်/တိုင်း သီလရှင်အမှုဆောင်အဖွဲ့သည် မိမိ ပြည်နယ်/တိုင်း အတွင်းရှိ သီလရှင်များအားလုံး ဤစည်းကမ်းကျင့်ဝတ်တို့ကို လိုက်နာစေရန် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အကူအညီကို ရယူ ဆောင်ရွက်ရမည်။

(၂) မိမိ ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ် သီလရှင်အမှုဆောင်အဖွဲ့ အားလုံး တာဝန်ကျေပွန်စွာ ဆောင်ရွက်စေရန်အတွက် ကြီးကြပ် ကွပ်ကဲပေးရမည်။

(၃) ဤစည်းကမ်းကျင့်ဝတ်တို့ကို လိုက်နာ ဆောင်ရွက်ရာ၌ အောင်မြင်ချက်များ (သို့မဟုတ်) အခက်အခဲများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြ လျှောက်ထားရမည်။

(၄) ဤစည်းကမ်းကျင့်ဝတ်တို့ကို လိုက်နာဆောင်ရွက်ရာ၌ မိမိ ပြည်နယ်/တိုင်းအလိုက်၊ မြို့နယ်အဆင့် ခွဲခြားသတ်မှတ်၍ တစ်ဆင့်ချင်း အခါအားလျော်စွာ ဆောင်ရွက်နိုင်သည်။

( ဘဒ္ဒန္တခမာဝုဓ )
အဘိဓဇမဟာရဋ္ဌဂုရု
ဒုတိယဥက္ကဋ္ဌဆရာတော်

( ဘဒ္ဒန္တပညာဝံသ )
အဂ္ဂမဟာပဏ္ဍိတ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

# ဤကျမ်းစာအုပ်တွင်

(က) စနစ်တကျ သီလရှင်ပြုပုံ

(ခ) သီလရှင်ကျင့်ဝတ်

(ဂ) ညွှန်ကြားလွှာ အမှတ်(၈၄)တို့ -

ပါဝင်သည်။

J